dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| Sun | 19:15 | 21:00 | night repeat |
| Mon | 10:15 | 15:15 | 21:00 |
| Wed | 10:15 | 15:15 | 21:00 |
| Fri | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to reach a real Nationwide Ceasefire Agreement?"*

ဖြစ်ပါတယ်။(ဒီဇင်ဘာ၊၁၂၊၂၀၁၅ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ " စစ်မှန်တဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစီကို ဘယ်လို ရောက်အောင် သွားကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲအပြီး တက်ရောက်လာခဲ့သည့် အစိုးရသစ်လက်ထက်တွင် ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာသော ပညာရှင်တို့ ပါဝင်သည့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင် ရေးလုပ်ငန်း ဗဟိုဌာန (အမ်ပီစီ)ကို တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၆၀ကျော်ကြာအမြစ်စွဲနေသည့် ပြည်တွင်းစစ်များ ချုပ်ငြိမ်း နိုင်ရန် အတွက် နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် ဆောင်ရွက်လာခဲ့သည်။

ယခု ၂၀၁၅ ခုနှစ်၊အောက်တိုဘာလ၁၅ ရက်နေ့မှာတော့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ် NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့်အစိုးရတို့ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမှာ ၂၀၁၀တွင် တက်လာခဲ့သည့် အစိုးရသစ်အတွက် သမိုင်းဝင်မှတ်တမ်းတစ်ရပ်ဖြစ် သွားခဲ့ပြီဖြစ်သည်။

အစိုးရဘက်မှ စုစုပေါင်း ၁၅ ဖွဲ့ကို တရားဝင် ဖိတ်ကြားခဲ့သော်လည်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) ၊မွန်ပြည်သစ်ပါတီ၊ရှမ်းပြည်တိုးတက်ရေးပါတီ၊ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊'ဝ' ပြည် သွေးစည်းညီညွတ်ရေး ပါတီ၊ အမျိုးသားဒီမိုကရေစီ မဟာ မိတ်အဖွဲ့ (မိုင်းလား)၊ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ (ကပ်ပလန်)အဖွဲ့ စသည့် ၇ ဖွဲ့မှာ လက်မှတ် ရေးထိုးရာမှာ မပါဝင်ခဲ့ကြပေ။ ယင်းနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးမှုအတွက် အားလုံးပါဝင်ရန်မှာ ရာကန့်သတ်မှုများ ရှိနေခြင်းကြောင့် ဖြစ်သည်ဟူသော ဝေဖန်မှုများကိုတွေ့ရပေသည်။

လက်ရှိတွင်မူ NCA တွင်လက်မှတ်ရေးထိုးပါဝင်ခြင်း မရှိသေးသည့် အဖွဲ့တစ်ချို့နှင့် တပ်မတော်ကြား စစ်ပွဲများ ဖြစ်ပွားလျက်ရှိနေပြီး စစ်ရှောင်ဒုက္ခသည်များလည်း များပြားလာနေပြီဖြစ်သည်။ လက်ရှိဖြစ် ပွားလျက်ရှိသည့် အခြေအနေများနှင့်ပတ်သတ်ပြီး တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး NCA ၏ အနှစ်သာရကို ပြန်လည်သုံးသပ်ရန် လိုပြီဆိုသည့် သုံးသပ်မှုတို့ကိုလည်း ကြားလာခဲ့ရသည်။ စာချုပ် အရ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီသည် အပစ်ရပ်စာချုပ် လက်မှတ်ရေး ထိုးသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေး နွေးပွဲ မူဘောင်ကို အပြီးသတ်ရေးဆွဲရမှာ ဖြစ်သကဲ့သို့ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများကို စတင်ရမည်ဖြစ်သည်။

ယခုအခါ မကြာသေးမီက ပြီးစီးခဲ့သည့် ရွေးကောက်ပွဲရလာဒ်များအရ အတိုက်အခံဖြစ်ခဲ့သည့် NLD ပါတီမှ အနိုင်ရရှိခဲ့ပြီး အစိုးရဖွဲ့ခွင့်ပါရရှိခဲ့ရာ ၂၀၁၅ အလွန်တွင် တက်ရောက်လာမည့် အစိုးရအဖွဲ့သစ်အနေဖြင့် NCA နှင့်ပတ်သက်ပြီးမည်သို့စခန်းသွားမည်ဆိုခြင်းမှာ စိတ်ဝင်စား ခြင်း ခံလာရပေရာ ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်မှ ယင်းလုပ်ငန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်နေသူများ၊ စောင့်ကြည့်လေ့လာသူများနှင့် ဆွေးနွေး တင်ဆက်မည်ဖြစ်ပါသည်။

**သူတို့အမြင်**

"ကျွန်တော်တို့အနေနဲ့လည်း ဘာကိုမှ ပိတ်ပင်ထားတာ မရှိပါဘူး။ NCA က အလွယ်တကူရရှိခဲ့တာ မဟုတ်ပါဘူး။ ဒါကိုတော့ ထပ်လောင်းပြီး အသိပေးပါရစေ။ NCA အခြေခံပေါ်မှာ NCA Timeline ကို မဖောက်ဖျက်ဘဲ အများစုလက်ခံနိုင်ပြီး ရှေ့ဆက်သွားနိုင်တဲ့ အခြေအနေမျိုးကို ပိုင်းဝန်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ မူဘောင်ကိုလည်း ပြောင်းလွယ်ပြင်လွယ်ဖြစ်အောင်ဆောင်ရွက် စေလိုပါတယ်။ ဒါမှ နောင်လာမယ့် အစိုးရအတွက် အဆင်ပြေပါမယ်"
**ဦးအောင်မင်း** - ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး

"ဒေါ်အောင်ဆန်းစုကြည်က လက်ရှိအစိုးရ မပြီးပြတ်သေးတဲ့ဟာတွေကို ဆက်လက်ဆောင် ရွက်သွားမယ်လို့ ကျနော် မျှော်လင့်တာပေ့ါ၊ ဖြစ်စဉ်မှာမပါဝင်နိုင်ခဲ့တဲ့ အဖွဲ့အစည်းတွေက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်မှုနဲ့ အမြန်ဆုံးပါဝင်လာမယ်လို့ ကျနော်မျှော်လင့်တယ်၊ အစိုးရသစ်ဖြစ်မယ့် ပါတီကလည်းပဲ အခုလက်ရှိအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်နေတာ တွေ့ရ တယ်၊ အဲ့ဒါအင်မတန်အားကောင်းတဲ့ အချက်ဖြစ်တယ်၊ အထူးသဖြင့်တော့ အစိုးရသစ်နဲ့ တပ်မတော်ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ ကျနော်တို့ ဖိတ်ထားတာရော မဖိတ်ရသေးတဲ့ အဖွဲ့တွေအတွက်ရော အနာဂါတ်မှာအလားအလာကောင်းနေတယ်"
**ဗိုလ်မှူးကြီးခွန်ဥက္ကာ** - ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNLO

"အပစ်ရပ်စာချုပ်ကို လက်မှတ်ရေးထိုးထားခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ မူဘောင်ရေးဆွဲတဲ့ နေရာမှာ ပါဝင်လာနိုင်ဖို့အတွက် အထူးဖိတ်ခေါ်ချက် ပေးပို့သွားဖို့ အစိုးရနဲ့ ကျွန်တော်တို့ ညှိနေပါတယ်"
**ဦးခွန်မြင့်ထွန်း** - ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ

***Information links:***

www.dvbdebate.net

www.Burmese.dvb.no

www.facebook.com/dvb.debate